**<u>ရှင်စေမယ့် ဖုံး</u>**

မူဆလင်တွေ

ဘာမှမကြောက်

စိတ်ဆောင်လာရင်

ကျောက်တောင် တိုက်ရဲ။ ။

ကုန်ကုန်ပြောမယ်

မူဆလင်တွေ

သေမှာမကြောက်

ကိုယ့်ကိုယ်မှာတောင်

ဖုံးထောင် ဖေါက်ရဲ။ ။

သေမယ်ဖုံးတွေ

လာစမ်းပါစေ– လာပါစေ

မူဆလင်များ ကြိုဆို၏။ ။

ပညာတတ်ပြီး

တွေးရဲခေါ်ရဲ ပြောရဲမှာကို

မူဆလင်ကြောက်တယ်။

ဂုတ်သွေး ဖေါက်စုပ် အမြတ်ထုတ်တဲ့

ဆရာသခင်ကြီး ဝါဒ ကျဆုံးမှာကို

မူဆလင်ကြောက်တယ်။

အသက်ရှင်ကြောင်း လမ်းပြထားတဲ့

ကျမ်းမြတ်ဓမ္မခန် ကုရ်အံကို

နားလည်အောင် ဖတ်ဘို့

မူဆလင်ကြောက်တယ်။

ရှင်မယ့် လမ်းတွေ

ဝေးဝေးကနေ–ဝေးဝေးနေ

မူဆလင်များ၊ သေအောင်ကြောက်၏။